# အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ)

# Women's League of Burma

ငြိမ်းချမ်းရေးအတွက် လက်မှတ်ရေးထိုးတောင်းဆိုသည့် လှုပ်ရှားမှု သတင်းထုတ်ပြန်ချက်

၂၀၁၂ ခုနှစ်၊ ဇွန်လ (၂၀) ရက်

## မြန်မာပြည်သူလူထုတရပ်လုံး၏ ငြိမ်းချမ်းရေး မျှော်လင့်ချက်အတွက် မြန်မာနိုင်ငံတွင် အလွှာပေါင်းစုံ ပြည်သူတရပ်လုံး ပါဝင်သည့် ငြိမ်းချမ်းရေးဖြစ်စဉ်လိုအပ်...

ယနေ့ ကမ္ဘာ့ဒုက္ခသည်များနေ့တွင် အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) သည် စစ်မှန်၍ ရေရှည်တည်တံ့ခိုင်မြဲသည့် ငြိမ်းချမ်းရေးအတွက် မြန်မာနိုင်ငံငြိမ်းချမ်းရေး ဖော်ဆောင်မှုဖြစ်စဉ်တွင် ပြည်သူတရပ်လုံး ပါဝင်လှုပ်ရှားရန် လှုံ့ဆော်လိုက်ပြီး ငြိမ်းချမ်းရေးအတွက် လက်မှတ်ရေးထိုးကောက်ခံသည့် လှုပ်ရှားမှုအတွက်လည်း ထုတ်ပြန်ကြေညာလိုက်သည်။

အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်) မှ စီစဉ်လုပ်ဆောင်ခဲ့သော ဦးသိန်းစိန်အစိုးရ၊ မြန်မာ့တပ်မတော်၊ ဒီမိုကရေစီအရေး လှုပ်ရှားမှုအသင်းအဖွဲ့များ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် ပြည်ပရောက်အတိုက်အခံ မဟာမိတ်အဖွဲ့အစည်းများ ထံလိပ်မူထားသည့် အိတ်ဖွင့်ပေးစာကို ပြည်တွင်းဌာနေမဲ့ ဒုက္ခသည်များ၊ စခန်းအတွင်းနေထိုင်သော ဒုက္ခသည်များနှင့် ရွှေ့ပြောင်း အလုပ်သမားများ အများစုပါဝင်၍ စုစုပေါင်း (၁၇၀၆၃) လက်မှတ်ရေးထိုးခဲ့ကြသည်။

"ရွှေ့ပြောင်းအလုပ်သမားတွေနဲ့ စခန်းထဲက ဒုက္ခသည်တွေကြားမှာ လက်မှတ်ရေးထိုးကောက်ခံတဲ့ စည်းရုံးလှုံ့ဆော်မှုတွေ လုပ်ရတာ တော်တော်ခက်ခဲပါတယ်။ ဒုက္ခသည်တွေကို နိုင်ငံရေးဆိုင်ရာ လှုပ်ရှားမှုတွေလုပ်ခွင့်၊ ပြောဆိုခွင့်တွေ မပေးပါဘူး။ ဇွန်လ (၂) ရက်နေ့ ဒေါ်အောင်ဆန်းစုကြည် မယ်လစခန်းထဲ လာတုန်းကတောင် ဟန့်တားကြသေးတယ်" ဟု အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်) ၏ တွဲဖက်အထွေထွေ အတွင်းရေးမှူး (၂) ဖြစ်သူ နော်ဂါးခုရီးက ပြောပါ သည်။

"အခုအချိန်မှာ ကျမတို့ရဲ့ စိုးရိမ်မှုတွေပိုတိုးလာတယ်၊ ကချင်ပြည်မှာဆက်ဖြစ်နေတဲ့ ပြင်းထန်တဲ့စစ်ပွဲတွေကြောင့် စစ်ပြေး ဒုက္ခသည်တွေပိုများလာတယ်၊ အခုဆိုရင် (၈၀၀၀၀) ဝန်းကျင်အထိ ရှိလာပြီလို့ ပြောလို့ရပါတယ်။" ဟု အဖွဲ့ချုပ်၏ သဘာပတိ အဖွဲ့ဝင်တစ်ဦးဖြစ်သူ ဂျန်မွန်းနေလီက ဆိုပါသည်။ "မကြာသေးမီက ရခိုင်ပြည်နယ် လူမှုအသိုင်းအဝိုင်းအတွင်း ဖြစ်ပွါးခဲ့တဲ့ အကြမ်းဖက်မှုတွေကြောင့် ဒုက္ခသည်တွေအများအပြားရှိလာခဲ့ပါတယ်။ အဲဒီထဲမှာ အများစုဖြစ်ကြတဲ့ အမျိုးသမီးနှင့် ကလေးသူငယ်တွေဟာ အခက်အခဲအကျပ်အတည်းများစွာနှင့် ရင်ဆိုင်နေကြရပါတယ်။ ဒီဒုက္ခသည်တွေအတွက် အရေးပေါ်စီစဉ်ပေးရမယ့် အစား အသောက်နှင့် နေရာထိုင်ခင်းတွေအပြင် ဘဝလုံခြုံမှုရရှိဖို့အတွက်လဲ အစိုးရက အပြည့်အဝ တာဝန်ယူလုပ်ဆောင်ပေးရ ပါမယ်။" ဟု သူမ အမြင်ကိုပြောပါသည်။

မြန်မာနိုင်ငံ၏ နှစ်ပေါင်း (၆၀) ကြာ ပြည်တွင်းစစ်နှင့် နိုင်ငံရေးပဋိပက္ခကို ဖြေရှင်းရာတွင် အစိုးရနှင့် လက်နက်ကိုင်တော်လှန်ရေးအဖွဲ့များအကြား ဆွေးနွေးညှိနှိုင်းရုံဖြင့် ရရှိလာမည်မဟုတ်ပေ။ အလွှာပေါင်းစုံ ပြည်သူတရပ်လုံးပါဝင်မှသာ လုံခြုံစိတ်ချနိုင်သော အခြေခံလူ့အခွင့်အရေးကို အပြည့်အဝအာမခံပေးနိုင်သည့် စစ်မှန်သော ငြိမ်းချမ်းရေးကို ရရှိနိုင်မည် ဖြစ်သည်။

"***ရှင်သန်ဆဲ မျှော်လင့်ချက်*** - ဆိုတာ ဒီနှစ် ကမ္ဘာ့ဒုက္ခသည်များနေ့ရဲ့ ဆောင်ပုဒ်ပါ။ ပြည်တွင်းဌာနေမဲ့ဒုက္ခသည် တွေနဲ့ စခန်းတွင်း ဒုက္ခသည်တွေအားလုံး မိမိနေရပ်ပြန်ပြီး လုံလုံခြုံခြုံနေထိုင်နိုင်ဖို့အတွက် ပြည်လုံးကျွတ်အတိုင်းအတာ ဆောင်တဲ့ ငြိမ်းချမ်းရေးဖြစ်စဉ်မျိုးလိုအပ်ပါတယ်။ ဒါမှလည်း သူတို့တွေရဲ့ မျှော်လင့်ချက်တွေကို ဆက်လက်ရှင်သန်နေ စေမှာပါ။"

ဒီ့အပြင် စစ်ရဲ့ဆိုးကျိုးနဲ့ နိုင်ငံရေးမတည်ငြိမ်မှုဒဏ်ကို အဓိကခံစားကြရတာ အမျိုးသမီးနဲ့ကလေးငယ်တွေဖြစ် တယ်။ ဒါကြောင့် ငြိမ်းချမ်းရေးဆွေးနွေးမှု အဆင့်တိုင်းမှာ အမျိုးအမီးတွေ ပါဝင်ရမယ်။ ဒီလိုပါဝင်ခြင်းအားဖြင့် အမျိုးသမီး နဲ့ ကလေးတွေရဲ့ ခံစားချက်နဲ့ မျှော်လင့်ချက်တွေကို အလေးထားတင်ပြ၊ ဆွေးနွေးပေးနိုင်မှာ ဖြစ်တယ်" ဟု အမျိုးသမီးများ အဖွဲ့ချုပ် (မြန်မာနိုင်) ၏ အထွေထွေအတွင်းရေးမှူးဖြစ်သူ ဒေါ်တင်တင်ညိုက ပြောပါသည်။

နိုင်ငံရေးပါတီများ၊ လူထုအခြေပြုအဖွဲ့အစည်းများ၊ ဘာသာရေးအဖွဲ့အစည်းများ၊ လက်နက်ကိုင်အဖွဲ့အစည်း များ၊ မြန်မာနိုင်ငံသူ နိုင်ငံသားများအားလုံးမှ ညှိနှိုင်းဆွေးနွေးရေးစားပွဲဝိုင်းများတွင် မဖြစ်မနေ ထည့်သွင်းစဉ်းစား ဆွေးနွေးရန်လိုအပ်

သော အကြောင်းအရာများကို မီးမောင်းထိုးလှုံ့ဆော်ခြင်းဖြင့် ပြည်လုံးကျွတ်ငြိမ်းချမ်းရေးဖြစ်စဉ်တွင် ပူးပေါင်းပါဝင်ကြရန် အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) မှ အလေးအနက် တိုက်တွန်းနှိုးဆော်လိုက်သည်။


ဆက်သွယ်ရန်။ ။ဒေါ်တင်တင်ညို 66-081-0322-882

နော်ဂါခုရှီး 66 (0) 8611 82261

ဂျန်မွန်းနေလီ 66 - 085-625-1912